## သက်ကြီးရွယ်အိုကျန်းမာရေးမြှင့်တင်ခြင်း

သက်ကြီးရွယ်အိုများ၏ ကျန်းမာမှုမြှင့်တင်ရေး ဦးတည်ချက်ဖြင့် အသက်အရွယ်ကြီးသူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုစီမံချက်ကို မြန်မာနိုင်ငံတွင် ၁၉၉၂-၁၉၉၃ ခုနှစ်မှ စတင်ခဲ့ပါသည်။ ယခုအထိ ပြည်နယ် (၄)ခုနှင့် တိုင်း(၈)ခုရှိ စီမံချက်ဝင် မြို့နယ်(၆၃) မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိပါသည်။ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲရေးသင်တန်းများကို အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများနှင့် ပြည်တွင်းမှ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများအား ပို့ချခဲ့ပါသည်။ ဆရာဝန်နှင့် သူနာပြုဆရာမများအား သက်ကြီးရွယ်အို လူနာများအား ကုသစောင့်ရှောက်မှု သင်တန်းများကို လေ့ကျင့်ပေးခဲ့ပါသည်။ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းအား သက်ကြီးရွယ်အိုများ ဆေးခန်းနေ့အဖြစ် ဖွင့်လှစ်ကုသပေးလျက် ရှိပါသည်။ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် သက်ကြီးရွယ်အိုများအား ကာယလေ့ကျင့်ခန်းများ သင်ကြားပေးပြီး အိမ်တွင် ဆက်လက်ပြုလုပ်နိုင်ရန် လေ့ကျင့်ပေးလျက်ရှိပါသည်။ ၄င်းအပြင် သက်ကြီးရွယ်အိုများ၏ သာမန်နာမကျန်းဖြစ်မှုများကို စစ်ဆေး ကုသပေးခြင်းနှင့် ပြင်းထန်ပြီး အထူးစောင့်ရှောက်ရန် လိုအပ်သူများအား နီးစပ်ရာ မြို့နယ်ဆေးရုံသို့ လွှဲပြောင်းညွှန်းပို့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သက်ကြီးရွယ်အိုများ သာမက မိသားစုဝင်များကိုပါ ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူထုအတွင်းသို့ကွင်းဆင်း၍ စာရင်းကောက်ယူခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ အခြေအနေနှင့်ပတ်သက်ပြီး အခြေခံအချက်အလက်များ ရယူနိုင်ရန် အခြေခံကျန်းမာရေး ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ပါသည်။ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများနှင့် ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်းများကိုလည်း သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးပြဿနာသည်များပြားလာလျက်ရှိကြောင်းနှင့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရာတွင် ပါဝင်ကူညီတတ်စေရန်အတွက် အသိပေးရှင်းလင်းထားပြီး ဖြစ်ပါသည်။ သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်၏ လုပ်ငန်းဆန်းစစ် ဆွေးနွေးခြင်းများကို မြို့နယ်အလိုက်နှင့် ဗဟိုတွင် နှစ်စဉ် ကျင်းပလျက် ရှိပါသည်။ သက်ကြီးရွယ်အိုများအတွက် နေအိမ်အခြေပြုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ပြည်တွင်း စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက် ရှိပါသည်။

